# ဓမ္မခန္ဓာ (၄၃) “ရွှေထည်ဝတ္ထု” (ဇုခ်ရုဖ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၆၃။ သုတ်ဒေသနာ– ၈၉ ပါး။

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။<br>☆၄၀း၁ | **حم**۞<br>ဟာ၊မင်။☆ |
| ၂။ | **وَالْكِتَابِ الْمُبِينِ**۞<br>ရှင်းလင်းထင်ရှားသော ကျမ်းတော်အားဖြင့်၊ |
| ၃။ | **إِنَّا جَعَلْنَاهُ قُرْآنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُونَ**۞<br>ကေန်ပင်၊ သင်တို့ တွေးခေါ်နိုင်အံ့ငှာ ၎င်းကို အာရ်ဗီ ကုရ်အာန်အဖြစ် ငါ စီမံပေးတော်မူ၏။ |
| ၄။ | **وَإِنَّهُ فِي أُمِّ الْكِتَابِ لَدَيْنَا لَعَلِيٌّ حَكِيمٌ**۞<br>ကေန်ပင် ၎င်းသည် ငါ၏ အပါးတော်ရှိ မူလဘူတ ကျမ်းတော်မှ ဖြစ်၍၊ မြင့်မြတ်လှ၏၊ ဓမ္မသတ်နိယာမဖြစ်၏။[၉၄၃] |
| ၅။ | **أَفَنَضْرِبُ عَنكُمُ الذِّكْرَ صَفْحًا أَن كُنتُمْ قَوْمًا مُّسْرِفِينَ**۞<br>သင်တို့သည် အလွဲသုံးစားပြုသော လူမျိုးဖြစ်ခြင်းကြောင့် သင်တို့အား သတိပေးခြင်းမှ ပစ်ပါယ်ထားသင့်သလော။ |
| ၆။ | **وَكَمْ أَرْسَلْنَا مِن نَّبِيٍّ فِي الْأَوَّلِينَ**۞<br>ရှေးဦးပထမ မည်မျှသော သတင်းတော်ဆောင်များကို ငါအရှင် စေစားခဲ့ပြီနည်း။ |
| ၇။ | **وَمَا يَأْتِيهِم مِّن نَّبِيٍّ إِلَّا كَانُوا بِهِ يَسْتَهْزِؤُون**۞<br>သူတို့ထံသို့ သတင်းတော်ဆောင်တစ်ပါး ပေးရောက်စေလျှင် သူ့အား ၎င်းတို့က သရော်လှောင်ပြောင်သည်သာ ဖြစ်၏။ |
| ၈။ | **فَأَهْلَكْنَا أَشَدَّ مِنْهُم بَطْشًا وَمَضَى مَثَلُ الْأَوَّلِينَ**۞<br>ငါသည် အင်အား၊ ဩဇာ ပိုမို ပြတ်သားသော ၎င်းတို့အား တိမ်ကောစေလိုက်ပြီ။ ထို ရှေးဦးသူတို့သည် နမူနာပင် ဖြစ်၏။ |

(၉၄၃) မူလဘူတကျမ်းတော်ဟု ဘာသာပြန်သော စကားလုံးသည် မူရင်းအားဖြင့် ကျမ်းတို့၏ မိခင်ဟု အနက်ကိုပေးသော **အွမ်မွန် ကီတာ့ဘ်** ဆိုသော စကားလုံးပင် ဖြစ်ပေသည်။ ၎င်းသည် ကျမ်းတော်၏ မူလအရင်းအမြစ်ကို ညွှန်ပြခြင်းဖြစ်၍၊ ပရမတ်ဘုရားရှင်၏ထံမှ ဉာဏ်စဉ်တော်ဖြင့် ချမှတ်ပေးသော ကျမ်းတော်အစစ် အဖြစ်ကြောင်းကို ဆိုပေသည်။ နောက်ဆုံးပွင့်မည့် ကိုယ်တော်သည် ပရမတ်ဘုရားရှင်၏ စကားကို ဆင့်ဆိုမည့် အကြောင်း သမ္မာကျမ်းစာ၏ တရားဟောရာကျမ်း ၁၈း၁၈ တွင်လည်းကောင်း၊ ပိဋကတ်–ပါထိကဝဂ်ပါဠိ၊ စက္ကဝတ္တိသုတ် ၁၀၇ တွင် **အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူလတ္တံ့။** ဟု ဆိုထားပေသည်။ နောက်ဆုံးပွင့်ဖြစ်သော ကိုယ်တော်မုဟမ္မဒ်သည် ပရမတ်ဘုရားရှင်၏ ထံမှ ပြီးပြည့်စုံသော မူလဘူတကျမ်းတော်ကို လူသားအပေါင်း အတွက် ယူဆောင်လာခဲ့လေပြီ။

| | |
|---|---|
| ၉။ | وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ خَلَقَهُنَّ الْعَزِيزُ الْعَلِيمُ۞<br>အကယ်၍ သင်က "မိုးများနှင့် မြေအား မည်သူက ဖြစ်တည်စေသနည်း၊"ဟု မေးလျှင် သူတို့က "ဘုန်းတော်ရှင်၊ သိနေသော အရှင်က ဖြစ်တည်စေခြင်းပင်၊"ဟု ဖြေကြလတ္တံ့။ |
| ၁၀။ | الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَجَعَلَ لَكُمْ فِيهَا سُبُلًا لَّعَلَّكُمْ تَهْتَدُونَ۞<br>အရှင်သည် သင်တို့အတွက် မြေကမ္ဘာအား တိုးရွေ့ခြင်းကို စီမံပေး၏၊ သင်တို့အတွက် သင်တို့ လမ်းမှန်ရကောင်းအံ့ငှာ ထို၌ လမ်းကြောင်းများကို စီမံပေး၏။ |
| ၁၁။ | وَالَّذِي نَزَّلَ مِنَ السَّمَاءِ مَاءً بِقَدَرٍ فَأَنشَرْنَا بِهِ بَلْدَةً مَّيْتًا كَذَٰلِكَ تُخْرَجُونَ۞<br>အရှင်သည် ကောင်းကင်ယံမှ မိုးရေကို စည်းချိန်တကျ သွန်းချစေတော်မူ၏။ သို့ဖြင့် သေနေသော မြေအား ရှင်ပြန်နိုးထစေ၏။ ဤသို့ပင် သင်တို့အား ထွက်လာစေမည်ပင်။ |
| ၁၂။ | وَالَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا وَجَعَلَ لَكُم مِّنَ الْفُلْكِ وَالْأَنْعَامِ مَا تَرْكَبُونَ۞<br>အရှင်သည် ခပ်သိမ်းကုန်အား အစုဖွဲ့ ဖြစ်တည်စေတော်မူ၏။ သင်တိုအတွက် စီးနင်းဘို့ရာ ရေယာဉ်များ၊ တိရိစ္ဆာန်များကို စီမံပေးတော်မူ၏။ |
| ၁၃။ | لِتَسْتَوُوا عَلَىٰ ظُهُورِهِ ثُمَّ تَذْكُرُوا نِعْمَةَ رَبِّكُمْ إِذَا اسْتَوَيْتُمْ عَلَيْهِ وَتَقُولُوا سُبْحَانَ الَّذِي سَخَّرَ لَنَا هَٰذَا وَمَا كُنَّا لَهُ مُقْرِنِينَ۞<br>သင်တို့သည် ၎င်းတို့၏ ကျောပြင်ပေါ်၌ စီးနားရန် အလို့ငှာ၊ တဖန် ထိုသို့ စီးနားနေစဉ် သင်တို့ ကံကြမ္မာရှင်၏ ဂုဏ်ပေးမှုအား သတိရစေလျက် မြွက်ဆိုစေသည်မှာ "ဤအရာတို့အား တပည့်တော်တို့အတွက် အသုံးခံဖြစ်စေသော အရှင်အား ဦးထိပ်ထားပါ၏၊ တပည့်တော်တို့သည် ထိုသို့ မစွမ်းနိုင်ပါ၊– |
| ၁၄။ | وَإِنَّا إِلَىٰ رَبِّنَا لَمُنقَلِبُونَ۞<br>တပည်တော်တို့သည်ကား ဧကန်ပင် ကံကြမ္မာရှင်၏ထံသို့သာ ဦးလှည့်ပြန်ရမည်သာတည်း။"ဟု ဖြစ်၏။ |
| ၁၅။ | وَجَعَلُوا لَهُ مِنْ عِبَادِهِ جُزْءًا إِنَّ الْإِنسَانَ لَكَفُورٌ مُّبِينٌ۞<br>သို့သော် အရှင်၏ အမှုတော်ဆောင်များမှ အချို့ကို အရှင့်ကိုယ်ပွားဟု စီမံကြ၏။ ဧကန်ပင် လူသားသည် ရှင်းလင်းစွာ ကျေးစွပ်ဖုံးကွယ်သူ ဖြစ်၏။ |
| ၁၆။<br>☆<br>၁၇:၄၀ | أَمِ اتَّخَذَ مِمَّا يَخْلُقُ بَنَاتٍ وَأَصْفَاكُم بِالْبَنِينَ۞<br>အရှင်သည် အရှင့်အတွက် သမီးများကို ယူမှတ် ဖြစ်တည်စေ၍၊☆ သင်တို့အတွက် သားတော်များကို ရွေးချယ်ပေးသလော၊။၉၄၄ |
| ၁၇။<br>☆<br>၁၆:၅၇<br>၅၈ | وَإِذَا بُشِّرَ أَحَدُهُم بِمَا ضَرَبَ لِلرَّحْمَٰنِ مَثَلًا ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ۞<br>ကရုဏာရှင်အတွက် သူ ပမာပြုထားရာကို သူတို့မှ တစ်စုံတစ်ယောက်အား တသင်းကောင်းပါးသော် သူ့မျက်နှာသည် အရိပ်ကျ မဲမှောင်လျှက် အမျက်ထောင်းထောင်းထွက်တော့၏။၉၄၅ |

---

(၉၄၄) သုတ်တော် ၁၅၊ ၁၆ က လူသား အပါအဝင် ဖြစ်တည်ခံ အရာများနှင့် ပရမတ်ဘုရားရှင်အား တုပကိုးကွယ်သည့် ဓလေ့များကို အရှင်က ပညတ်ပေးသည်ဟု အယူစွဲနေမှုတို့အား ပယ်ဖျက်ပေသည်။ အချို့အယူများတွင် မယ်တော်များဟူ၍ ပသကိုးကွယ်နေခြင်း၊ အချို့အယူများတွင် လူသားစင်စစ်အား ဘုရားသားတော်များဟု သိဒ္ဓိတင်ယုံမှတ်နေခြင်းများကို အစ္စလာမ်သာသနာက တားမြစ်ပေသည်။
(၉၄၅) အမျိုးသမီးများသည် ပရမတ်ဘုရားရှင်၏ သမီးတော်များဟု ဆိုသော်ကား ဆို၏၊ သို့သော် သမီးမိန်းကလေးများ မွေးလာလျှင် အမင်္ဂလာဖြစ်သည်ဟု သူတို့ယူဆကာ အရှင်လတ်လတ် သတ်ပစ်မှုများပင် ရှိခဲ့၏၊ ၁၆:၅၇၊၅၈။ ၃၇:၁၄၉–၁၅၃။ အစ္စလာမ်က ထိုစနစ်ကို တိုက်ဖျက်ပေသည်။

| | |
|---|---|
| ၁၈။ | **أَوَمَن يُنَشَّأُ فِي الْحِلْيَةِ وَهُوَ فِي الْخِصَامِ غَيْرُ مُبِينٍ۞**<br>သို့မဟုတ် အလှဆင် မွေးဖွားကြီးပြင်းရလျက်၊ အခိကရုန်းမှ ရှင်းလင်းစွာ မနေနိုင်သော သူပင် မဟုတ်လော။[၉၄၆] |
| ၁၉။<br>☆<br>၂း၂၁၀ | **وَجَعَلُوا الْمَلَائِكَةَ الَّذِينَ هُمْ عِبَادُ الرَّحْمَنِ إِنَاثًا أَشَهِدُوا خَلْقَهُمْ سَتُكْتَبُ شَهَادَتُهُمْ وَيُسْأَلُونَ۞**<br>ထို့ပြင် ကရုဏာရှင်အား အမှုတော်ဆောင်နေသော နတ်ဒေဝါများအား☆ ဣတ္ထိလိင်များ အဖြစ် စီမံကြ၏။ ၎င်းတို့အား ဖြစ်တည်ပေးခြင်း၌ သူတို့သည် သက်သေသက်ကန် ဖြစ်သလော၊ သူတို့၏ သက်သေထွက်ချက်များကို မှတ်တမ်းတင်ထားလျှက် စစ်ကြောခြင်းခံရစေလတ္တံ့။ |
| ၂၀။ | **وَقَالُوا لَوْ شَاء الرَّحْمَنُ مَا عَبَدْنَاهُم مَّا لَهُم بِذَلِكَ مِنْ عِلْمٍ إِنْ هُمْ إِلَّا يَخْرُصُونَ۞**<br>သူတို့က "ကရုဏာရှင်၏ စံချိန်မပြည့်မှီခဲ့လျှင် ကျွန်ုပ်တို့သည် ၎င်းတို့ကို ကိုးကွယ်ခဲ့မည် မဟုတ်၊"ဟု ဆိုကြ၏။ ထိုအတွက် သူတို့၌ အသိပညာမရှိ၊ လိမ်ညာနေသည်သာ ဖြစ်၏။ |
| ၂၁။ | **أَمْ آتَيْنَاهُمْ كِتَابًا مِّن قَبْلِهِ فَهُم بِهِ مُسْتَمْسِكُونَ۞**<br>သူတို့ စွဲမြဲလိုက်နာစေရန် ကျမ်းတစ်စောင်ကို ဤမတိုင်မှီက သူတို့အား ပေးအပ်ဘူးသလော။ |
| ၂၂။ | **بَلْ قَالُوا إِنَّا وَجَدْنَا آبَاءنَا عَلَى أُمَّةٍ وَإِنَّا عَلَى آثَارِهِم مُّهْتَدُونَ۞**<br>အမှန်မှာ၊ "ကျွန်ုပ်တို့သည် မိရိုးဖလာ အသိုက်အမြုံကို တွေ့ရ၏၊ ၎င်းတို့၏ ခြေရာများသည် ကျွန်ုပ်တို့အား လမ်းညွှန်ဖြစ်၏၊"ဟု ဆိုကြ၏။ |
| ၂၃။ | **وَكَذَلِكَ مَا أَرْسَلْنَا مِن قَبْلِكَ فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَا إِنَّا وَجَدْنَا آبَاءنَا عَلَى أُمَّةٍ وَإِنَّا عَلَى آثَارِهِم مُّقْتَدُونَ۞**<br>ဤသို့ပင်၊ သင်တိုင်မှီက ငါသည် မြို့ရွာဒေသတစ်ခုသို့ သတိပေးသူ တစ်ဦးအား စေစားသော်၊ ထိုမှ သူကြွယ်တို့က "ကျွန်ုပ်တို့သည် မိရိုးဖလာ အသိုက်အမြုံကို တွေ့ရ၏၊ ၎င်းတို့၏ ခြေရာများအတိုင်း ကျွန်ုပ်တို့ လိုက်နာကြ၏၊"ဟု ဆိုကြသော်၊ |
| ၂၄။ | **قَالَ أَوَلَوْ جِئْتُكُم بِأَهْدَى مِمَّا وَجَدتُّمْ عَلَيْهِ آبَاءكُمْ قَالُوا إِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ۞**<br>သူက "ကျွန်ုပ် ဆောင်ကြဉ်းလာသည်မှာ သင့်တို့ တွေ့ရှိသော မိရိုးဖလာထက် ပိုမို လမ်းညွှန်ပေးသည် မဟုတ်လော၊"ဟု မေးသော်၊ သူတို့က "အသင်တို့အားဖြင့် စေစားရာကို ကျွန်ုပ်တို့ ငြင်းဆန်ဖုံးကွယ်ရမည်ပင် ဖြစ်၏၊"ဟု ဆိုကြ၏။ |
| ၂၅။ | **فَانتَقَمْنَا مِنْهُمْ فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ۞**<br>သို့ဖြင့် သူတို့အား တန်ပြန်ခံစားစေတော်မူ၏။ ငြင်းဆန်သူတို့၏ ဇတ်သိမ်း မည်သို့ ဖြစ်သည်ကို ကြည့်ရှုလော့။ |
| ၂၆။ | **وَإِذْ قَالَ إِبْرَاهِيمُ لِأَبِيهِ وَقَوْمِهِ إِنَّنِي بَرَاء مِّمَّا تَعْبُدُونَ۞**<br>အီဗရာဟီးမ်က သူ့ဖခင်နှင့် သူ့လူမျိုးအား ပြောသည်မှာ "ကျွန်ုပ်သည် အသင်တို့ ကိုးကွယ်ရာနှင့် ကင်းလွတ်၏၊ |
| ၂၇။ | **إِلَّا الَّذِي فَطَرَنِي فَإِنَّهُ سَيَهْدِينِ۞**<br>ကျွန်ုပ်အဘို့ ကျွန်ုပ်အား စတည်သော အရှင်သာ ရှိ၏၊ အရှင်သည် ကျွန်ုပ်အား လမ်းညွှန်တော်မူ၏။"ဟု ဖြစ်၍၊ |
| ၂၈။ | **وَجَعَلَهَا كَلِمَةً بَاقِيَةً فِي عَقِبِهِ لَعَلَّهُمْ يَرْجِعُونَ۞** |

(၉၄၆) ထိုစဉ်က အမျိုးသမီးတို့၏ ဘဝမှာ မွေးကင်းစ၌ အသေ အသတ်မခံရလျှင်လည်း အိမ်တွင်းပုန်း အလှဆင်ဘဝဖြင့် နေရ၍၊ သူတို့၏ အမျိုးသမီး ဘဝ လွတ်မြောက်ရာ၊ လွတ်မြောက်ကြောင်းကိုပင် ဆောင်ရွက်ပိုင်ခွင့် မရှိခဲ့ချေ။

ၡင်းကို သူ၏ သားစဉ်မြေးဆက်တိုင် တည်တံ့သော စကားဆိုအဖြစ် စီမံ၍၊ ၎င်းတို့ ဦးလှည့်နိုင်ငံအံ့ငှာ ဖြစ်စေ၏။

၂၉။ بَلْ مَتَّعْتُ هَؤُلَاء وَآبَاءهُمْ حَتَّى جَاءهُمُ الْحَقُّ وَرَسُولٌ مُّبِينٌ۞

အမှန်မှာ၊ ငါသည် သူတို့နှင့် သူတို့၏ မိဘတို့အား၊ သူတို့ထံသို့ သစ္စာတရားနှင့် ရှင်းလင်းသော ဉာဏ်စဉ်တော်ဆောင် ရောက်လာသည့်တိုင် ပျော်ပါးနေစေ၏။

၃၀။ وَلَمَّا جَاءهُمُ الْحَقُّ قَالُوا هَذَا سِحْرٌ وَإِنَّا بِهِ كَافِرُونَ۞

သူတို့ထံသို့ သစ္စာတရားတော် ရောက်လာသော်၊ သူတို့က "ဤသည် မှော်ပညာသာ ဖြစ်၏။ ကျွန်ုပ်တို့သည် ၎င်းကို ဖုံးကွယ်ဖယ်ရှားပစ်ရန်သာ ရှိ၏" ဟု ဆိုကြ၏။

၃၁။ وَقَالُوا لَوْلَا نُزِّلَ هَذَا الْقُرْآنُ عَلَى رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيمٍ۞

ထို့ပြင် သူတို့က "ဤကုရ်အာန်အား မြို့ကြီးနှစ်မြို့မှ အခြားလူအပေါ်သို့ အဘယ်ကြောင့် မကိန်းဝပ်ပေးလေသနည်း၊" ဟု ပြောကြ၏။[၉၇]

၃၂။ أَهُمْ يَقْسِمُونَ رَحْمَةَ رَبِّكَ نَحْنُ قَسَمْنَا بَيْنَهُم مَّعِيشَتَهُمْ فِي الْحَيَاةِ الدُّنْيَا وَرَفَعْنَا بَعْضَهُمْ فَوْقَ بَعْضٍ دَرَجَاتٍ لِيَتَّخِذَ بَعْضُهُم بَعْضًا سُخْرِيًّا وَرَحْمَتُ رَبِّكَ خَيْرٌ مِّمَّا يَجْمَعُونَ۞

သူတို့သည် သင့်ကံကြမ္မာရှင်၏ ကရုဏာတော်အား ခွဲတမ်းချပေးသူများ ဖြစ်သလော။ ငါအရှင်သည်သာ သူတို့ကြား၌ လောကီ သက်တမ်းကို ခွဲတမ်းချပေး၏။ သူတို့မှ အချို့သည် အချို့ကို အမှီသဟဲပြုနိုင်ရန် သူတို့မှ အချို့ကို အချို့ထက် အခွင့်အလမ်းပိုမို မြှောက်စားပေးတော်မူ၏။ သင့်ကံကြမ္မာရှင်၏ ကရုဏာတော်သည် သူတို့ စုဆောင်းထားရာတို့ထက် သာလွန်ကောင်းမြတ်လှပေ၏။

၃၃။ وَلَوْلَا أَن يَكُونَ النَّاسُ أُمَّةً وَاحِدَةً لَجَعَلْنَا لِمَن يَكْفُرُ بِالرَّحْمَنِ لِبُيُوتِهِمْ سُقُفًا مِّن فَضَّةٍ وَمَعَارِجَ عَلَيْهَا يَظْهَرُونَ۞

အကယ်၍ လူသားတို့သည် အသိုက်အမြုံတစ်ခုတည်း ဖြစ်မလာခဲ့သော်၊ ကရုဏာရှင်အား ဖုံးကွယ်ကျေးစွပ်သော သူတို့အတွက် ငါအရှင်က ငွေကွပ်စီမံပေးထားမည်မှာ သူတို့၏ အိမ်နှင့် သူတို့၏ အဆင်းအတက် အမိုးများ–

၃၄။ وَلِبُيُوتِهِمْ أَبْوَابًا وَسُرُرًا عَلَيْهَا يَتَّكِؤُونَ۞

သူတို့၏ အိမ် အဝင်တံခါးများ၊ သူတို့နားနေ လှဲလျောင်းသည့် ခုံတန်းများ ဖြစ်၍–

၃၅။ وَزُخْرُفًا وَإِن كُلُّ ذَلِكَ لَمَّا مَتَاعُ الْحَيَاةِ الدُّنْيَا وَالْآخِرَةُ عِندَ رَبِّكَ لِلْمُتَّقِينَ۞

ရွှေတည်ဝတ္ထုတို့လည်း ပါ၏။ ထိုအရာ အလုံးစုံသည် ဤလောကီဘဝ၏ မာယာခဏမျှသာ ဖြစ်၏။ သင့်ကံကြမ္မာရှင်၏ ထံတော်၌ ရှိသော ကောင်းမြတ်မှုသည်သာ တည်တံ့၏။

၃၆။ وَمَن يَعْشُ عَن ذِكْرِ الرَّحْمَنِ نُقَيِّضْ لَهُ شَيْطَانًا فَهُوَ لَهُ قَرِينٌ۞

ကရုဏာရှင်အား သတိရခြင်းမှ ပျက်ကွက်သော သူ၊ ငါသည် သူ့အတွက် မကောင်းဆိုးဝါးတစ်ကောင်နှင့် ချိတ်ဆက်ပေး တော်မူမည်၊ ၎င်းသည် သူ၏ မိတ်ဆွေရင်းဖြစ်ရလတ္တံ့။

---

(၉၇) ကိုယ်တော်မုဟမ္မဒ်၏ သဗ္ဗညုဉာဏ်စဉ်အား ဆွတ်ခူးခြင်းကို မနာလိုဖြစ်လျက်၊ ဤသို့မြင့်မြတ်သည့် ဉာဏ်စဉ်၊ လူသားအပေါင်းအား လမ်းညွှန်နိုင်သော အသိအား မြို့ကြီး နှစ်မြို့ ဖြစ်သည့် မက္ကာဟ်နှင့် တွာအက်ဖ်မြို့မှ ခေါင်းဆောင်ကြီးတို့က အဘယ်ကြောင့် မရလေသနည်းဟု ပြော ဆိုခြင်း ဖြစ်ပေသည်။ ဤကျမ်းတော်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးမှ အဖြစ်အပျက်ကို ဥပမာပေးလျက် လက်ရှိခေတ်များအား နားလည်ခံစားနိုင်ရန် လမ်းညွှန်လျက်ရှိပေသည်။ ယခုခေတ်တွင်လည်း အမှန်တကယ် သစ္စာရှင် ပညာရှင်များ ပေါ်ထွန်းလာလျှင် အရပ်ကြီး၊ မြို့ကြီး များမှ ခေါင်းဆောင် ဆိုသူများက ထိုပုဂ္ဂိုလ်အား မနာလိုဖြစ် ပြစ်တင် တိုက်ခိုက်ကြစမြဲပင် မဟုတ်တုံလော။–

| | |
|---|---|
| ၃၇။ | وَإِنَّهُمْ لَيَصُدُّونَهُمْ عَنِ السَّبِيلِ وَيَحْسَبُونَ أَنَّهُم مُّهْتَدُونَ۞<br>၎င်းတို့က သူတို့အား လမ်းစဉ်တော်မှ ကေန် ဟန့်တားထား၏၊ သို့သော် သူတို့ကိုယ် သူတို့ လမ်းညွှန်မှန် ရနေသည်ဟု ထင်မှတ်နေ၍၊ |
| ၃၈။ | حَتَّى إِذَا جَاءَنَا قَالَ يَا لَيْتَ بَيْنِي وَبَيْنَكَ بُعْدَ الْمَشْرِقَيْنِ فَبِئْسَ الْقَرِينُ۞<br>ငါ့ထံသို့ ရောက်လာသောအခါ၊ သူက“ကျွန်ုပ်၏ကြား၊ သင်၏ကြား၌ နေထွက်ရာ အရပ်နှစ်ခုကဲ့သို့ ဝေးခဲ့လျှင် ကောင်းလေစွ၊ အကုသိုလ်သည် မိတ်ဆွေရင်း ဖြစ်ရချေပြီ၊”ဟု ဆိုလတ္တံ့။[၉၄၈] |
| ၃၉။ | وَلَن يَنفَعَكُمُ الْيَوْمَ إِذ ظَّلَمْتُمْ أَنَّكُمْ فِي الْعَذَابِ مُشْتَرِكُونَ۞<br>သင်တို့၏ အဓိဇ္ဇာသင့်ခဲ့မှုသည် ဝဋ်ကြွေးကို ပူးတွဲရယူရန်သာ ဖြစ်၍၊ ထိုနေ့၌ သင်တို့အား အကျိုးမပေးတော့ချေ။ |
| ၄၀။ | أَفَأَنتَ تُسْمِعُ الصُّمَّ أَوْ تَهْدِي الْعُمْيَ وَمَن كَانَ فِي ضَلَالٍ مُّبِينٍ۞<br>သင်သည် နားပင်းသူကို ကြားစေနိုင်သလော၊ သို့တည်းမဟုတ် ကန်းနေသူ၊ ရှင်းလင်းစွာ လမ်းလွဲ၌ ရှိသူကို လမ်းညွှန်နိုင်သလော၊ |
| ၄၁။ | فَإِمَّا نَذْهَبَنَّ بِكَ فَإِنَّا مِنْهُم مُّنتَقِمُونَ۞<br>သို့ဖြစ်၍၊ ငါသည် သင့်အား ယူငင်ခဲ့သော်လည်း၊ ငါသည် သူတို့အား တန်ပြန်ခံစားစေမည်ပင်။ |
| ၄၂။ | أَوْ نُرِيَنَّكَ الَّذِي وَعَدْنَاهُمْ فَإِنَّا عَلَيْهِم مُّقْتَدِرُونَ۞<br>သို့မဟုတ်၊ သူတို့နှင့်စပ်လျဉ်းသည့် ငါ့ ကတိတော်အား သင့်ကို ပြတော်မူအံ့၊ ငါသည် သူတို့အပေါ်၌ စည်းချိန်ချနိုင်တော်မူ၏။ |
| ၄၃။ | فَاسْتَمْسِكْ بِالَّذِي أُوحِيَ إِلَيْكَ إِنَّكَ عَلَى صِرَاطٍ مُّسْتَقِيمٍ۞<br>သို့ဖြစ်၍ သင့်အား အာရုံစျာန်ကိန်းဝပ်ပေးသည်ကို မြဲမြံစွဲကိုင်လော့၊ ကေန်ပင် သင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏။ |
| ၄၄။ | وَإِنَّهُ لَذِكْرٌ لَّكَ وَلِقَوْمِكَ وَسَوْفَ تُسْأَلُونَ۞<br>၎င်းသည် သင်နှင့် သင့်လူမျိုးအတွက် သတိပေးတရားတော် ဖြစ်၏။ သင်တို့သည် မေးမြန်းစုံစမ်းခြင်းကို ခံရလတ္တံ့။ |
| ၄၅။ | وَاسْأَلْ مَنْ أَرْسَلْنَا مِن قَبْلِكَ مِن رُّسُلِنَا أَجَعَلْنَا مِن دُونِ الرَّحْمَنِ آلِهَةً يُعْبَدُونَ۞<br>သင့်မတိုင်မီ ငါစေစားသော ဉာဏ်စဉ်တော်ဆောင်များကို စုံစမ်းကြည့်လော့၊ ကရုဏာရှင်နှင့် တုပြိုင်လျက် ကိုးကွယ်ဆည်းကပ်ရန် ဘုရားများကို ငါ စီမံဘူးသလော။ |
| ၄၆။ | وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا إِلَى فِرْعَوْنَ وَمَلَئِهِ فَقَالَ إِنِّي رَسُولُ رَبِّ الْعَالَمِينَ۞<br>ငါသည် မူဆာအား ဖာရိုးနှင့် သူ့အကြံပေးတို့ ထံသို့ ငါ၏ နိမိတ်လက္ခဏာများဖြင့် စေစား၍၊ “ကျွန်ုပ်သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်၏၊”ဟု ကြွေးကြော်စေ၏။ |
| ၄၇။ | فَلَمَّا جَاءهُم بِآيَاتِنَا إِذَا هُم مِّنْهَا يَضْحَكُونَ۞<br>သူတို့ထံသို့ ငါ၏ နိမိတ်လက္ခဏာများကို ပေးရောက်လာသောအခါ၊ ထို၌ ဟားတိုက်ရယ်မောကြ၏။ |

(၉၄၈) **မာရှ်ရိုကိုင်းနို** ဆိုသည်မှာ နေထွက်ရာ အရပ်ဒေသနှစ်ခုဟု တိုက်ရိုက် အဓိပ္ပါယ်ဖြစ်၍၊ ရိုးရာ အသုံးအနှုန်းအရ အရှေ့နှင့် အနောက်ဟု ဖြစ်ပေသည်။ ကမ္ဘာကြီးသည် တစ်ခြမ်းအတွက် အရှေ့ ဖြစ်စေဉ် နောက်တစ်ခြမ်းအတွက် အနောက်ဖြစ်၍ လုံးဝိုင်းနေခြင်းကြောင့် အရှေ့နှစ်ခု အနောက်နှစ်ခုဟု ပြောဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၄၈။ | **وَمَا نُرِيهِم مِّنْ آيَةٍ إِلَّا هِيَ أَكْبَرُ مِنْ أُخْتِهَا وَأَخَذْنَاهُم بِالْعَذَابِ لَعَلَّهُمْ يَرْجِعُونَ۞**<br>ငါသည် သူတို့အား ပြသသည့် နိမိတ်လက္ခဏာများကို တစ်စစ ပို၍ပို၍ ကြီးလာစေ၏။ ထို့ပြင် သူတို့ ဦးလှည့်အံ့ငှာ သူတို့အား ဝင့်ကြွေးများဖြင့် သုတ်ငင်ဖမ်းဆီးလိုက်လေ၏။ |
| ၄၉။ | **وَقَالُوا يَا أَيُّهَا السَّاحِرُ ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِندَكَ إِنَّنَا لَمُهْتَدُونَ۞**<br>သူတို့က "အို မှော်ဆရာ၊ ကျွန်ုပ်တို့ လမ်းညွှန်ခံရအံ့ငှာ၊ သင်သည် သင့်ကံကြမ္မာရှင်ဖြင့် ရှိသော ကတိအားဖြင့် ကျွန်ုပ်တို့အတို့ ဆုတောင်းပေးလော့၊"ဟု ဆိုကြ၏။ |
| ၅၀။ | **فَلَمَّا كَشَفْنَا عَنْهُمُ الْعَذَابَ إِذَا هُمْ يَنكُثُونَ۞**<br>သို့သော် ငါသည် သူတို့ထံမှ ဝင့်ကြွေးကို ဖယ်ရှားပေးလိုက်သည်နှင့် သူတို့ ကတိဖျက်လေတော့၏။ |
| ၅၁။ | **وَنَادَى فِرْعَوْنُ فِي قَوْمِهِ قَالَ يَا قَوْمِ أَلَيْسَ لِي مُلْكُ مِصْرَ وَهَذِهِ الْأَنْهَارُ تَجْرِي مِن تَحْتِي أَفَلَا تُبْصِرُونَ۞**<br>ဖာရိုးက သူ့လူမျိုးအား ကြေငြာ ပြောဆိုသည်မှာ "အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် အီဂျစ်၏ ပြည့်ရှင်မင်းမြတ်၊ ကျွန်ုပ်၏ အောက်၌ မြစ်ချောင်းအထွေထွေ ရှိနေရသည်ကို မျက်ဝါးထင်ထင် မမြင်ကြသလော၊– |
| ၅၂။ | **أَمْ أَنَا خَيْرٌ مِّنْ هَذَا الَّذِي هُوَ مَهِينٌ وَلَا يَكَادُ يُبِينُ۞**<br>ကျွန်ုပ်သည် ဤသို့ သူ့ကိုယ်သူ လိပ်ပတ်မလည် ရှက်ဖွယ်လိလိ အကောင်ထက် ပို၍မြင့်မြတ်သည် မဟုတ်လော။[၆၄၉] |
| ၅၃။ | **فَلَوْلَا أُلْقِيَ عَلَيْهِ أَسْوِرَةٌ مِّن ذَهَبٍ أَوْ جَاء مَعَهُ الْمَلَائِكَةُ مُقْتَرِنِينَ۞**<br>ရွှေစလွယ်များကို သူ့အတွက် အဘယ်ကြောင့် မခင်းကျင်းပေးသနည်း၊ အပါးတော်မြဲများ နိမိတ်ဆောင်များ သူနှင့်အတူ အဘယ်ကြောင့် မရောက်လာစေသနည်း၊"ဟု ဖြစ်၏။ |
| ၅၄။ | **فَاسْتَخَفَّ قَوْمَهُ فَأَطَاعُوهُ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ۞**<br>သူသည် သူ့လူမျိုးအား ပေါ့ပျက်ပျက်ဖြစ်စေ၍၊ သူ့ကိုသာ နာခံစေ၏။ ကေန်ပင် သူတို့သည် ယုတ်မာသော လူမျိုးပင် ဖြစ်လေ၏။ |
| ၅၅။ | **فَلَمَّا آسَفُونَا انتَقَمْنَا مِنْهُمْ فَأَغْرَقْنَاهُمْ أَجْمَعِينَ۞**<br>ငါအရှင်အား ဆန့်ကျင်သောအခါ၊ သူတို့အား အကျိုးတန်ပြန်စေ၏။ သူတို့အားလုံးကို နစ်မြုပ်စေတော် မူလိုက်၏။ |
| ၅၆။ | **فَجَعَلْنَاهُمْ سَلَفًا وَمَثَلًا لِلْآخِرِينَ۞**<br>သူတို့အား အတိတ်၌ စီမံလိုက်၏။ နောက်လာနောက်သားတို့အတွက် ဥပမာပုံ ဖြစ်စေ၏။ |
| ၅၇။ | **وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا إِذَا قَوْمُكَ مِنْهُ يَصِدُّونَ۞**<br>ငါသည် မာရိ၏သားအား ပမာဆောင်သောအခါ၊ သင်၏လူမျိုးတို့က ဟန့်တားခြိမ်းခြောက်ကြ၏။ |
| ၅၈။ | **وَقَالُوا أَآلِهَتُنَا خَيْرٌ أَمْ هُوَ مَا ضَرَبُوهُ لَكَ إِلَّا جَدَلًا بَلْ هُمْ قَوْمٌ خَصِمُونَ۞**<br>သူတို့က "ကျွန်ုပ်တို့၏ ဘုရားများက ပိုကောင်းသလော သို့မဟုတ် သူ ဖြစ်သလော။"ဟု ဆိုကြ၏။[၆၅၀] သူတို့သည် အငြင်းအခုံကိုသာ နည်းရှာကြကုန်၏။ အမှန်မှာ– သူတို့သည် တင်းမာခက်ထန်သော လူမျိုးသာ ဖြစ်၏။ |

---

(၆၄၉) ဤဝါကျ၏ အဓိပ္ပါယ်မှာ သူ့ကိုယ်သူ ရှင်းလင်းအောင် ပြောဆိုနိုင်သူ မဟုတ် ဟု ဖြစ်သည်။ ထိုစကားသည် ကိုယ်တော်မူဆာ၏ လျှာအား မီးလောင်ခြင်းကြောင့် မဟုတ်ပေ၊ (၂၈း၃၄)တွင် ကြည့်ပါ။ သူသည် နန်းတွင်းသုံးစကားများကို မပြောဆိုနိုင်ခြင်းကြောင့်သာ ဖြစ်ပေသည်။

| | |
|---|---|
| ၅၉။ | **إِنْ هُوَ إِلَّا عَبْدٌ أَنْعَمْنَا عَلَيْهِ وَجَعَلْنَاهُ مَثَلًا لِّبَنِي إِسْرَائِيلَ۞**<br>သူသည် ငါအရှင် ဂုဏ်ပေးသော အမှုတော်ဆောင်တစ်ဦးမျှသာ ဖြစ်၏။ ငါသည် သူ့အား ဂျူးလူမျိုးတို့အတွက် ဥပမာဆောင် အဖြစ် ခန့်အပ်တော်မူ၏။ |
| ၆၀။ | **وَلَوْ نَشَاء لَجَعَلْنَا مِنكُم مَّلَائِكَةً فِي الْأَرْضِ يَخْلُفُونَ۞**<br>စံချိန်ပြည့်မှီခဲ့လျှင် သင်တို့၏ အနက်မှ နိမိတ်ဆောင်များကို မြေကမ္ဘာ၏ သမ္ဗတများအဖြစ် ငါ ခန့်အပ်တော်မူနိုင်၏။[၉၅၁] |
| ၆၁။ | **وَإِنَّهُ لَعِلْمٌ لِّلسَّاعَةِ فَلَا تَمْتَرُنَّ بِهَا وَاتَّبِعُونِ هَذَا صِرَاطٌ مُّسْتَقِيمٌ۞**<br>သူသည် အချိန်နာရီ၏ သိမှတ်ရာ ဖြစ်၏။[၉၅၂] ထိုဌ် သံသယမရှိလင့်၊ ငါအား လိုက်နာကြလော့၊ ဤသည် မြဲမြံတည်တံ့သော လမ်းစဉ်ပင် ဖြစ်၏။ |
| ၆၂။<br>☆၂း၁၆၈ | **وَلَا يَصُدَّنَّكُمُ الشَّيْطَانُ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۞**<br>မကောင်းဆိုးဝါးသည်☆သင်တို့အား ဟန့်တားထားသူ မဖြစ်စေလင့်၊ သူသည် သင်တို့အတွက် ရှင်းလင်းသော အတိုက်အခံ ဖြစ်၏။ |
| ၆၃။ | **وَلَمَّا جَاء عِيسَى بِالْبَيِّنَاتِ قَالَ قَدْ جِئْتُكُم بِالْحِكْمَةِ وَلِأُبَيِّنَ لَكُم بَعْضَ الَّذِي تَخْتَلِفُونَ فِيهِ فَاتَّقُوا اللَّهَ وَأَطِيعُونِ۞**<br>ယေရှုသည် ရှင်းလင်းချက်များနှင့် ရောက်လာ၍၊ ဟောပြောသည်မှာ "ကျွန်ုပ်သည် သင်တို့ထံသို့ ဓမ္မသတ်တော်ကို ပေးအပ်ပြီ၊ သင်တို့၏ ငြင်းခုံကွဲလွဲချက် တစ်ချို့အား ရှင်းလင်းစေပြီ၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြလော့။– |
| ၆၄။ | **إِنَّ اللَّهَ هُوَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَذَا صِرَاطٌ مُّسْتَقِيمٌ۞**<br>ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင့်အား ကိုးကွယ်ကြကုန်လော့၊ ယင်းသည် မြဲမြံတည်တံ့သော လမ်းစဉ်ပင်တည်း၊"ဟု ဖြစ်သော်– |
| ၆၅။ | **فَاخْتَلَفَ الْأَحْزَابُ مِن بَيْنِهِمْ فَوَيْلٌ لِّلَّذِينَ ظَلَمُوا مِنْ عَذَابِ يَوْمٍ أَلِيمٍ۞**<br>သူတို့၏အကြား အသင်းအဖွဲ့များ ကွဲပြားကြ၏။ သို့ဖြင့် အမိုက်သင့်သော သူတို့သည် စူးနစ်နာကျင်သော ဝဋ်ကြွေးသင့်နေ့ကာလ၌ ပျက်စီးဆုံးရှုံးရလတ္တံ့။ |

---

**(၉၅၀)** ကျွန်ုပ်တို့၏ ဘုရားများက ပို၍ ကောင်းမြတ်သလော၊ သို့မဟုတ် မာရိ၏သား ယေရှုက ပိုမို၍ မြင့်မြတ်သလားဟု ပြောဆိုခြင်း ဖြစ်သည်။

**(၉၅၁) မလာအိကာဟ်** ဆိုသည်မှာ သင်တို့ (လူသားတို့)၏ အနက်မှ **مِنكُم မင်းကွမ်း** ဖြစ်သည်ဟု ဤသုတ်တော်က အတိအကျ ဆိုထားပေသည်။

**(၉၅၂) ဆာအာဟ်** ဆိုသော စကားလုံးမှာ အချိန်နာရီဟု သာ ဖြစ်၍၊ ဆရာတော်ကြီးများက ကမ္ဘာ့နောက်ဆုံးနေ့၊ ကမ္ဘာပျက်မည့်နေ့ စသည်ဖြင့်လည်း ဋီကာ ဖွင့်ဆိုသည်များ ရှိပေသည်။ ဤဝါကျမှ **ဟူ** ဆိုသော စကားလုံးကို အချို့သော ဆရာတော်များက **သူ (ယေရှု)** ဟု မပြန်ဆိုဘဲ **ဤသည်** ဟု ဘာသာပြန်၍၊ ဤဝါကျ၏ ဆိုလိုချက်မှာ ဂျူးလူမျိုးများမှ နဗီ ဖြစ်ခွင့်ကို ရုပ်သိမ်းခြင်း ဖြစ်သည့် ကာလဟု သမ္မာကျမ်းစာ၊ မဿဲ ၂၁း၃၃၊ မာကု ၁၂း၁၊ လုကာ ၂၀း၉ တို့တွင် ပါသော စပျစ်ခြံ ဥပမာနှင့် ထိုဖြစ်ရပ်များ၏ နိဂုံးစကား "ထိုကြောင့် ငါဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို သင်တို့မှ နုတ်၍၊ နိုင်ငံတော်၏ အသီးကို သီးအံ့သော လူမျိုးအား ပေးရလတံ့၊"ကို ကိုးကား၍၊ ရှင်းထားမှုများ ရှိပေသည်။ ဤဝါကျမှ **ဟူ** ဆိုသော စကားလုံးကို **သူ(ယေရှု)**ဟု ပြန်ဆိုသော ဆရာတော်ကြီးများကမူ ယေရှုသည် ကီယာမတ်နေ့၏ အမှတ်သညာ ဖြစ်သည်ဟု ရှင်းလင်းဖွင့် ဆိုကြပေသည်။ ကျမ်းတော်တွင် ပွင့်ပေါ်လာသမျှသော သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်တိုင်းသည် လူသားအပေါင်းအား အဝိဇ္ဇာသင့် မေ့လျော့နေသော ကံကံ၏ အကျိုး ဆုံးဖြတ်ခံရမည့် နေ့ကာလအကြောင်းကို သတိပေါ် တရားဟော သွန်သင်သူများသာ ဖြစ်ပေသည်။ ယေရှုသည်လည်း အကုသိုလ်ကြွေး ပေးဆပ်ရမည့် အချိန်နာရီကို မေ့လျော့သော သူ့လူမျိုးအား (သုတ်–၆၆) တရားဟော သတိပေးသော အမှတ်သညာနမူသာ ဖြစ်ပေသည်။ သူသည် ထိုထက်ပို၍ ထူခြားသည် မဟုတ်ကြောင်းကို သုတ်တော် ၅၉ တွင် "ငါဂုဏ်ပေးထားသော အမှုတော်ဆောင် တစ်ဦးမျှသာ ဖြစ်၏၊"ဟု ဆိုထားပေသည်။

| | |
|---|---|
| ၆၆။ | هَلْ يَنظُرُونَ إِلَّا السَّاعَةَ أَن تَأْتِيَهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ۞<br>သူတို့ စောင့်စားနေကြသည်မှာ သူတို့ သတိမမူမိမီ သူတို့ထံသို့ ရုတ်တရက် ပေးရောက်လာမည့် အချိန်နာရီကိုသာ ဖြစ်၏။ |
| ၆၇။ | الْأَخِلَّاءُ يَوْمَئِذٍ بَعْضُهُمْ لِبَعْضٍ عَدُوٌّ إِلَّا الْمُتَّقِينَ۞<br>ထိုနေ့ကာလ၌ စည်းစောင့်သူတို့မှ အပ အခြား အပေါင်းအသင်းများသည် အချင်းချင်း အတိုက်အခံများ ဖြစ်ရလတ္တံ့။ |
| ၆၈။ | يَا عِبَادِ لَا خَوْفٌ عَلَيْكُمُ الْيَوْمَ وَلَا أَنتُمْ تَحْزَنُونَ۞<br>အို ငါ့ အမှုတော်ဆောင်တို့၊ ထိုနေ့ကာလ၌ သင်တို့အား ကြောက်ရွံ့စေမည်၊ သင်တို့အား ပူဆွေးစေမည် မဟုတ်သော– |
| ၆၉။ | الَّذِينَ آمَنُوا بِآيَاتِنَا وَكَانُوا مُسْلِمِينَ۞<br>ငါ၏ သုတ်ဒေသနာများဖြင့် ယုံကြည်ကြသူများ၊ ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြကုန်၏။ |
| ၇၀။ | ادْخُلُوا الْجَنَّةَ أَنتُمْ وَأَزْوَاجُكُمْ تُحْبَرُونَ۞<br>သင်တို့နှင့် သင်တို့၏ ပေါင်းဖေါ်တို့သည် ပျော်ရွှင်စွာဖြင့် ဥယျာဉ်ဘုံသို့ ဝင်ရောက်ကြလော့။ |
| ၇၁။ | يُطَافُ عَلَيْهِم بِصِحَافٍ مِّن ذَهَبٍ وَأَكْوَابٍ وَفِيهَا مَا تَشْتَهِيهِ الْأَنفُسُ وَتَلَذُّ الْأَعْيُنُ وَأَنتُمْ فِيهَا خَالِدُونَ۞<br>ရွှေထည် လင်ပန်း ရေခွက်တို့တွင် သူတို့၏ စိတ်စရိုက်မှ ကြိုက်သော၊ မျက်လုံး ပသာဒ ဖြစ်သောအရာတို့ကို ထည့်လျှက် သူတို့အား လှည့်ပေးလတ္တံ့။ သင်တို့သည် ထို၌ ကာလမဲ့ စံစားကြကုန်လော့။ |
| ၇၂။ | وَتِلْكَ الْجَنَّةُ الَّتِي أُورِثْتُمُوهَا بِمَا كُنتُمْ تَعْمَلُونَ۞<br>ဤသည် သင်တို့အား အမွေဆက်ခံစေမည့် ဥယျာဉ်တော်ဖြစ်၏။ သင်တို့၏ ကျင့်ကြံမှုများကြောင့်ပင်။ |
| ၇၃။ | لَكُمْ فِيهَا فَاكِهَةٌ كَثِيرَةٌ مِنْهَا تَأْكُلُونَ۞<br>ထို၌ သင်တို့အတွက် သီးနှံ ပေါများစွာ ရှိ၏။ ထိုမှ စားသုံးကြကုန်လော့။ |
| ၇၄။ | إِنَّ الْمُجْرِمِينَ فِي عَذَابِ جَهَنَّمَ خَالِدُونَ۞<br>ကေန်ပင် ရာဇဝတ်ကောင်တို့မှာ မူကား၊ ငရဲဘုံ ဝဋ်ကြွေးထဲ၌ ကာလမဲ့ ခံစားရမည့်ပင်။ |
| ၇၅။ | لَا يُفَتَّرُ عَنْهُمْ وَهُمْ فِيهِ مُبْلِسُونَ۞<br>သူတို့နှင့်စပ်လျှဉ်း၍ လျှော့ပေါ့စေမည် မဟုတ်၊ သူတို့သည် ထို၌ စိတ်ပျက်အားငယ်ရလတ္တံ့။ |
| ၇၆။ | وَمَا ظَلَمْنَاهُمْ وَلَكِن كَانُوا هُمُ الظَّالِمِينَ۞<br>ငါသည် သူတို့အား အဝိဇ္ဇာသင့်စေသည်မဟုတ်၊ သူတို့ကိုယ်သူတို့သာ အဝိဇ္ဇာစီးနေကြကုန်၏။ |
| ၇၇။ | وَنَادَوْا يَا مَالِكُ لِيَقْضِ عَلَيْنَا رَبُّكَ قَالَ إِنَّكُم مَّاكِثُونَ۞<br>သူတို့က "အို သခင်၊[၈၅၃] သင့်ကံကြမ္မာရှင်အား ကျွန်ုပ်တို့ကို အဆုံးသတ်စေပါ၊"ဟု အော်ကြွေးသော်၊ သူက"သင်တို့ တည်းခိုနေရဦးမည်၊"ဟု ဆို၏။ |

(၈၅၃) ဤနေရာ၌ **သခင်**ဟူသော စကားလုံး **မာလိက်** ကို ဆရာတော်ကြီးများက ငရဲထိန်း နတ်မင်းကြီးဟု ပြန်ဆိုကြပေသည်။ ထို့ကြောင့် မည်သည့် အာရ်ဗီစာပေတွင် မည်သို့ဆိုစေ– ကျမ်းတော်သုံး အာရ်ဗီစာပေတွင် **မလာအိကာဟ်**ဟု ခေါ်ဆိုသော စကားလုံးသည် **မာလိက်** ဘုရင်၊ စွမ်းအားပိုင်ရှင်ဟု ခေါ်ဆိုသော စကားလုံးမှ တိုက်ရိုက်ဆင်းသက်လာခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၇၈။ | لَقَدْ جِئْنَاكُم بِالْحَقِّ وَلَكِنَّ أَكْثَرَكُمْ لِلْحَقِّ كَارِهُونَ۞<br>မုချပင်၊ ငါအရှင်သည် သင်တို့ထံသို့ သစ္စာတရားကို ပေးရောက်စေပြီ။ သို့ရာတွင် သင်တို့မှ အများစုကြီးသည် သစ္စာတရားအား မုန်းတီးကြကုန်၏။ |
| ၇၉။ | أَمْ أَبْرَمُوا أَمْرًا فَإِنَّا مُبْرِمُونَ۞<br>သူတို့သည် စီမံချက်များကို တည်ဆောက်နေကြသလော၊ ငါသည်လည်း တည်ဆောက်နေတော်မူ၏။ |
| ၈၀။ | أَمْ يَحْسَبُونَ أَنَّا لَا نَسْمَعُ سِرَّهُمْ وَنَجْوَاهُم بَلَى وَرُسُلُنَا لَدَيْهِمْ يَكْتُبُونَ۞<br>သို့မဟုတ် သူတို့၏ လျှို့ဝှက်မှုများနှင့် တိတ်တဆိတ် တိုင်ပင်မှုများကို ငါအရှင် ကြားနေခြင်းမရှိဟု သူတို့ ထင်မှတ်နေကြသလော။ အမှန်မှာ ငါ၏ ဥဇာစဉ်ဆောင်များသည် သူတို့၏ မျက်မှောက်၌ မှတ်တမ်းတင်နေကြကုန်၏။ |
| ၈၁။ | قُلْ إِن كَانَ لِلرَّحْمَنِ وَلَدٌ فَأَنَا أَوَّلُ الْعَابِدِينَ۞<br>ဟောလော့ “အကယ်၍ ကရုဏာရှင်၌ သားတော်ရှိခဲ့မူ၊ ကျွန်ုပ်သည်ကား ဦးဦးဖျားဖျား ကိုးကွယ်သူ ဖြစ်လတ္တံ့။”[၉၅၄] |
| ၈၂။<br><br>☆<br>၁၀း၃ | سُبْحَانَ رَبِّ السَّمَاوَاتِ وَالْأَرْضِ رَبِّ الْعَرْشِ عَمَّا يَصِفُونَ۞<br>ဦးထိပ်ထားရာဖြစ်သော၊ မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်၊ ထပ်ဆင့်ကွပ်ကဲမှု၏ ကံကြမ္မာရှင်သည်☆ သူတို့ အမာခံရပ်တည်သည်များမှ ကင်းသန့်၏။ |
| ၈၃။ | فَذَرْهُمْ يَخُوضُوا وَيَلْعَبُوا حَتَّى يُلَاقُوا يَوْمَهُمُ الَّذِي يُوعَدُونَ۞<br>သူတို့အား တွေ့ဆုံရမည်ဟု ကတိပေးထားသော နေ့ကာလတိုင် သူတို့အား စကားလေစကားလွင့် ကစားခုံစားခြင်း၌ ပစ်ထားလော့။ |
| ၈၄။ | وَهُوَ الَّذِي فِي السَّمَاء إِلَهٌ وَفِي الْأَرْضِ إِلَهٌ وَهُوَ الْحَكِيمُ الْعَلِيمُ۞<br>အရှင်သည် ကောင်းကင်များအတွင်းမှ ဘုရားရှင်၊ မြေကမ္ဘာအတွင်းမှ ဘုရားရှင် ဖြစ်တော်မူ၏။ အရှင်သည် ဓမ္မသတ်ရှင် ကုန်စင်သိနေသော အရှင် ဖြစ်တော်မူ၏။ |
| ၈၅။ | وَتَبَارَكَ الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا وَعِندَهُ عِلْمُ السَّاعَةِ وَإِلَيْهِ تُرْجَعُونَ۞<br>မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုကြား ရှိသမျှအား စိုးပိုင်သော အရှင်သည် ကျက်သရေမင်္ဂလာအတိ ဖြစ်၏။ အချိန်နာရီအား သိခြင်းဆိုင်ရာသည် အရှင့်ထံ၌သာ ရှိ၍၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်ရမည် ဖြစ်၏။ |
| ၈၆။ | وَلَا يَمْلِكُ الَّذِينَ يَدْعُونَ مِن دُونِهِ الشَّفَاعَةَ إِلَّا مَن شَهِدَ بِالْحَقِّ وَهُمْ يَعْلَمُونَ۞<br>သူတို့သည် အမှန်သိလျှက်၊ သစ္စာတရားအားဖြင့် သက်သေတည်ခဲ့သော သူတို့မှအပ၊ အရှင်နှင့် ဂုဏ်ပြိုင်ထား ဆုတောင်းခံခဲ့သူများသည် အမျှဝေပေးရန် အခွင့်အာဏာ မရှိချေ။ |
| ၈၇။ | وَلَئِن سَأَلْتَهُم مَّنْ خَلَقَهُمْ لَيَقُولُنَّ اللَّهُ فَأَنَّى يُؤْفَكُونَ۞<br>သူတို့အား မည်သူက ဖြစ်တည်စေသနည်းဟု သူတို့ကို မေးသော်၊ “ပရမတ်ဘုရားရှင် ဖြစ်၏၊”ဟု ဆိုကြလိမ့်မည်၊ သို့ဖြစ်လျှင် အဘယ်ကြောင့် ဦးတည်ချက်လှည့်သွားကြကုန်သနည်း။ |

(၉၅၄) အစ္စလာမ် သာသနာသည် ပရမတ်ဘုရားရှင် (ထာဝရဘုရားရှင်) ၌ သားတော်ရှိသည်ဟူသည့် အယူကို လုံးဝ လက်မခံပေ။ ပရမတ်ဘုရားရှင်၏ ထံမှ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ဆွတ်ခူးရှိခဲ့သည့် လူ့သမိုင်း၏ နောက်ဆုံးပွင့် ဥဇာစဉ်တော်ဆောင် ကိုယ်တော်မုဟမ္မဒ်က ဤသုတ်တော်တွင် “အကယ်၍– ပရမတ်ဘုရားရှင်၌ သားတော် ရှိခဲ့က သူကိုယ်တိုင် ဦးဦးဖျားဖျားကိုးကွယ်သူ ဖြစ်ရမည်၊” ဟု အာမခံခဲ့ပေသည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်၌ သားတော်ဟု လုံးဝ မရှိကြောင်းကို ပြတ်ပြတ်သားသား အာမခံခြင်း ဖြစ်ပေသည်။ လူ့သမိုင်းတွင် နောက်ဆုံးပွင့် ဥဇာစဉ်ရသော ပုဂ္ဂိုလ်မှာ ကိုယ်တော်မုဟမ္မဒ်ဖြစ်၍၊ ကိုယ်တော်ထက် ပရမတ်ဘုရားရှင်၏ အကြောင်းကို မည်သူက ပို၍ သိနိုင်ပေအံ့နည်း။

| | |
|---|---|
| ၈၈။ | وَقِيلِهِ يَارَبِّ إِنَّ هَؤُلَاء قَوْمٌ لَّا يُؤْمِنُونَ۞<br>သူက “အို ကံကြမ္မာရှင်၊ ထိုသူတို့သည်  ယုံကြည်ခြင်း မရှိသော လူမျိုးဖြစ်၏။”ဟု ဆိုသော်။ |
| ၈၉။ | فَاصْفَحْ عَنْهُمْ وَقُلْ سَلَامٌ فَسَوْفَ يَعْلَمُونَ۞<br>သူတို့ထံမှ ဖယ်ခွာလော့၊ ငြိမ်းချမ်းပါစေဟု ပြောဆိုလော့၊ မကြာမီ သူတို့ သိကြရလတ္တံ့။၉၅၅ |

---

(၉၅၅) သစ္စာတရားအား လက်မခံသော သူတို့အား ရန်သူ သို့မဟုတ် အတိုက်အခံဟု သတ်မှတ်နေရန် မလိုချေ။ သူတို့အား မေတ္တာထားရမည့် လူတန်းစား မျှသာ ဖြစ်ပေသည်။ နောက်ဆုံး မတတ်သာသည့် အဆုံးတွင် သူတို့နှင့် အရောတဝင်နေခြင်းကို အေးချမ်းစွာ ဖယ်ခွာရန်ကိုသာ အစ္စလာမ် သာသနာက သွန်သင်ပေသည်။